# လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ တွဲဖက်အထွေထွေအတွင်းရေးမှူး
# ကိုဌေးလင်းနှင့် ငရင်ပြင် စကားဝိုင်း ။

၁။ ၂၀၀၉ ခုနှစ်အတွင်း ဖြစ်ပေါ်လာမည့် မြန်မာနိုင်ငံရဲ့နိုင်ငံရေး အခြေအနေအပေါ် ဘယ်လို သုံးသပ် မိပါသလဲ။

၂၀၀၉ ခုနှစ်ဟာ စိန်ခေါ်ချက်တွေနှင့် ပြည့်နှက်နေတဲ့ တကယ်ကို ကျားကုပ် ကျားခဲ ဖြတ်သန်းကြရမယ့်နှစ် ဖြစ်လိမ့်မယ်လို့ ကျနော်ပြောချင်တယ်။ စစ်အုပ်စုက ၂၀၁၀ ရွေးကောက်ပွဲအတွက် ပြင်ဆင်စရာ ရှိတာတွေကို မီးကုန် ယမ်းကုန် ပြင်တော့မယ်။ 'မီးကို မလောင်ခင် တားရမယ်' ဆိုတဲ့ စစ်အုပ်စုရဲ့ လက်သုံးစကားအတိုင်း ဒီမိုကရေစီ ရေး လှုပ်ရှားနေသူမှန်သမျှ၊ လှုပ်ရှားနိုင်သူ မှန်သမျှကို စောင့်ကြည့်တာ၊ ကန့်သတ်တာ၊ ဖမ်းဆီးတာ၊ ထောင်ချ ပစ်တာ၊ နယ်ဝေးထောင်တွေဆီ ပို့ပစ်တာဆိုတာတွေ တိုးသည် ထက်တိုးပြီး လုပ်လိမ့်မယ်၊ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်အပါအဝင် ရွေးကောက်ပွဲ အနိုင်ရ ပါတီတွေကို လှုပ်လို့မရအောင် ဒီထက်တိုးပြီး ဖိနှိပ်လိမ့်မယ်၊ ဆရာ ဦးဝင်းတင်တို့၊ ဦးခင်မောင်ဆွေတို့လို ရဲရဲတင်းတင်း ရှေ့တစ်လှမ်းတိုးပြီး အလုပ်လုပ်ချင်တဲ့ ခေါင်းဆောင်စုနှင့် အောက်ခြေထုကို ဖြတ်တောက်ပစ်ဖို့ နည်းမျိုးစုံနှင့် ကြိုးပမ်းလိမ့်မယ်၊ NLD ထဲမှာဖြစ်စေ၊ တခုလုံးဆိုင်ရာ ဒီမိုကရေစီ အဝန်း အဝိုင်းထဲမှာဖြစ်စေ၊ အတွေးအခေါ်အရ၊ လုပ်ဟန်အရ ရှုပ်ထွေးသွားအောင်၊ မညီမညွတ်ဖြစ်သွား အောင် ယုတ်ယုတ်မာမာ ကြံစည်လိမ့်မယ်။ဒါတွေကို ကျနော်တို့ဟာ ဒီအတိုင်း ငုံ့ခံနေကြမလား၊ ငုံ့မခံဘူးဆို တာလည်း သေချာတယ်၊ ငုံ့မခံရင်ပွဲက ကြမ်းသည်ထက် ပိုကြမ်းသွားလိမ့်မယ်ဆိုတာလည်း သေချာတယ်။

နောက်တစ်ခု သိတ်မကြာခင်မှာ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ထွက်လာတော့မယ်။ ဒီဥပဒေဟာ အခု ရွေးကောက်ပွဲ အနိုင်ရပါတီတွေကို မှတ်ပုံတင်အသစ် ပြန်တင်မှာလား၊ မတင်ပဲ ဒီအတိုင်း တောင့်ခံမှာလား သေသေချာချာ စိန်ခေါ်တော့မယ်။

NLD ဆိုတာမရှိတော့ဘူး၊ အခုရှိနေတဲ့ NLD ဆိုတာတရားမဝင်တော့ဘူး၊ အခုရှိနေတဲ့ NLD ဆိုတာက ၁၉၈၈ စက်တင်ဘာ ထဲမှာ ပြဌာန်းပေးထားတဲ့ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေနှင့်ပဲ အကျုံးဝင်တယ်၊ အ ခုအဲဒါမရှိတော့ဘူး။ ဒါကြောင့် အခု နအဖရဲ့ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈)ကို နာခံတဲ့ ဥပဒေသစ်မှာ ပြန်ပြီး မှတ်ပုံတင်ပါ'ဆိုတာမျိုး စိန်ခေါ်လာတော့မှာဖြစ်ပါတယ်။ NLD ဘာလုပ်မလဲ။ တခြားအနိုင်ရပါတီတွေ ဘာလုပ်ကြမလဲ စိန်ခေါ်ချက်က ကြီးပါတယ်။

ဒီထက်ပိုဆိုးတာက .....

၂၀၁၀ပါတီစုံ ဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်ဥပဒေ ထွက်လာပါလိမ့်မယ်။ ဒီဥပဒေအရ လာမယ့် ၂၀၁၀ ရွေးကောက်ပွဲအတွက် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်း အမည်စာရင်း၊ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်လောင်း အမည်စာရင်းတွေ ဘယ်နေ့ နောက်ဆုံးထားပြီး တင်ပါဆိုတာ လုပ်လာတော့မယ်။

ကိုယ်စားလှယ်လောင်း အမည်စာရင်း မတင်ရင် ဘာဖြစ်မလဲ၊ တင်ရင်ဘာဖြစ်မလဲ။

မတင်ရင် ပါတီကို ဖျက်မယ်၊ တင်ရင် ၉၀ ရွေးကောက်ပွဲရလဒ်ကို ကိုယ့်ဖာသာကိုယ် ဖျက်ပစ်ရာရောက်မယ်၊ ဒီ စိန်ခေါ်ချက်ဟာ ခတ်ပေ့ါပေ့ါ စိန်ခေါ်ချက် မဟုတ်ဘူးဆိုတာ နိုင်ငံရေး တစုံတရာရှိသူတိုင်း ရိပ်မိနိုင်ပါတယ်။ ဒါတွေကို NLD ကြိုတွက်ထားပြီး ဖြစ်နိုင်ပါတယ်၊ အလားတူပဲ အခြားသော အနိုင်ရ ပါတီတွေလည်း ကြိုတွက်ထားပြီး ဖြစ်နိုင်ပါတယ်။ ဒါတွေ ကြောင့်ပဲ NLD ပဲဖြစ်ဖြစ်၊ CRPP ပဲဖြစ်ဖြစ် ၂၀၁၀ ရွေးကောက်ပွဲ ကိစ္စကို လုံးလုံး ထည့်မပြောကြတာ ဖြစ်ပါတယ်။ စာရင်းထဲကို လုံးလုံးမှကို မသွင်းကြတာဖြစ်ပါတယ်။ ၉၀ ရွေးကောက်ပွဲရ လဒ်ကို အသိအမှတ်ပြု အကောင်အထည်ဖော်တာမျိုး တစုံတရာ မရှိပဲ၊ နအဖရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ (၂၀၀၈)ကို ပြန်လည်သုံးသပ်တာ တစုံတရာ မရှိပဲ၊ တွေ့ဆုံဆွေးနွေး အဖြေရှာတာ တစုံတရာ မလုပ်ဘဲ ၂၀၁၀ ရွေးကောက်ပွဲကို လုံးဝ အသိအမှတ်ပြုမှာ၊ လက်ခံမှာ မဟုတ်ဘူးလို့ ပြတ်ပြတ်သားသား ဒါ့ကြောင့် ပြောဆိုနေ ကြတာဖြစ်ပါတယ်။

စစ်အုပ်စုရဲ့ဆန္ဒက ဒါနဲ့ ဖြောင့်ဖြောင့် ဆန့်ကျင်တယ်။

ဒါတွေအပြင် ၂၀၀၉ ထဲမှာ စစ်အုပ်စုဟာ အပစ်အခတ်ရပ်စဲထားတဲ့ လက်နက်ကိုင် တော်လှန်ရေး အင်အားစုတွေကို ဉာဏ်နီ ဉာဏ်နက်သုံးပြီး နိုင်ငံရေး အရ၊ စစ်ရေးအရ ဂဏ်သိက္ခာမဲ့သွားအောင် ကြံစည် ပေလိမ့်မယ်။ စစ်တိုင်းမှူးတွေက တစ်မျိုး၊ ကစထ မှူးက တမျိုး၊ ဗိုလ်သန်းရွှေရဲ့ လေချိုသွေးမှုက တ မျိုး၊ ရဲချုပ်ခင်ရီနှင့် ဗိုလ်ကျော်ဆန်းတို့က တမျိုး တယောက်တမျိုး လှော်ပြောပြီး အနှစ်ချုပ်လိုက်တော့ လက်နက်ချရေး၊ လက်နက်အပ်ရေး ပဲဖြစ်လိမ့် မယ်။ ဒါကို ကျနော်တို့ ညီအကိုတော်များက လွယ်လွယ်နဲ့ ခေါင်းညိမ့်လိုက်ပါ့မလား၊

နှစ်ပေါင် ၄၀၊ ၅၀၊ ၆၀ ပြည်သူတွေအတွက် လက်နက်ကိုင်ပြီး ခုခံတော်လှန်စစ်ကို ဆင်နွှဲလာခဲ့တာ စစ်အုပ်စုက ခေါင်းညိမ့်ခိုင်းတိုင်း ခေါင်းညိမ့်လိုက်ဖို့ မဟုတ်ဘူးဆိုတာ တော်လှန်ရေးအင်အားစုတိုင်း လက်တွေ့ပေါင်းများစွာ အရ ရင်ထဲနှလုံးသားထဲကကို အသေအချာ သိထားပြီးပါပြီ။ ဒါပေမယ့် စစ်အုပ်စု ကတော့ နည်းနည်းမှ စိတ်ပြောင်းလိမ့်မယ် မဟုတ်ဘူး။ သူ့ရဲ့တမိုးလုံးဖြောက်ဆိတ်ဖြစ်ချင်နေတဲ့ စိတ်က ၂၀၁၀ ရွေးကောက်ပွဲမှတပါး အခြားနည်းမရှိလို့ ခြေဆုံးခေါင်းဆုံး ပြဌာန်းပြီးသားဖြစ်နေပြီ။ အဲဒီတော့ စဉ်းစားကြည့်လို့ရပါတယ်။ ဒီ ၂၀၀၉ ခုနှစ် ဟာ ဘယ်လောက်ကြမ်းတမ်းလိုက်မလဲဆိုတာ။

## ၂။ ၂၀၀၉ ခုနှစ်အတွင်း လုပ်ဆောင်မည်ဟု ပိုင်းဖြတ်ထားသည့် နိုင်ငံရေး ရည်မှန်းချက်များက ဘာလဲ။

အဓိကက စစ်အုပ်စုရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ (၂၀၀၈) ကို ဖျက်သိမ်းပစ်ရေးပဲ။ ဒီဖွဲ့စည်းပုံကို ဘယ်နည်းနှင့်မှ အသက်ဝင် အတည်ဖြစ် မသွားစေရေးပဲ၊ နအဖ ထင်သလို ချိုးထားတဲ့ ၂၀၁၀ ရွေးကောက်ပွဲဆိုတာကို ဘယ်လိုမှ အဖြစ်မခံရေး၊ အဲဒီ အထိအရောက် မခံရေးပဲ ဖြစ်ပါတယ်။ ဒါဆိုတော့ ဒါကို ကျနော်တို့ ဘယ်လိုတားမှာလဲ။ သူ့အစီအစဉ် တွေကို ဘယ်လိုဖျက်သိမ်းပစ်မှာလဲ။

နည်းတွေက အမျိုးမျိုး ရှိနိုင်ပါတယ်။ ပထမဆုံး နည်းကတော့ အခု NLD က ၂၀၀၈ခုနှစ် စက်တင်ဘာ (၂၂) ရက်နေ့က အထူးကြေညာချက် ထုတ်ပြီး တင်ပြထားတဲ့ ကိစ္စဖြစ်ပါတယ်။

(၁) ပြည်သူ့လွှတ်တော်ခေါ်ပေးပါ။
(၂) နအဖရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ပြန်လည်သုံးသပ်ဖို့ ကော်မတီဖွဲ့ပေးပါ။
(၃) ဒီကော်မတီက (၆)လအတွင်းမှာ ပြန်လည်သုံးသပ်ရေး ကိစ္စကို အပြီးလုပ်ပါဆိုတဲ့ တင်ပြချက် ဖြစ်ပါတယ်။ ဒီတင်ပြချက်ကို ကျနော်တို့ သဘောတူတယ်။ ဒီအတိုင်း မုချလုပ်ရမှာပဲ။

ဒါတွေ ဆောင်ရွက်မယ်ဆိုရင် ဆောင်ရွက်နိုင်လောက်တဲ့ ဒီမိုကရေစီ အခင်းအကျင်း တစ်ခု အလုံအလောက်ရှိဖို့ လိုအပ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည် အပါအဝင် နိုင်ငံရေး အကျဉ်းသားတွေအားလုံး ချွင်းချက်မရှိ လွှတ်ပေး တာမျိုး၊ ပါတီရုံးခန်းတွေ ပြန်ဖွင့်ခွင့်ပေးတာမျိုး၊ နိုင်ငံရေး ဖြစ်စဉ်ကြီးအတွင်းမှာ အင်အားစုအားလုံး လွတ်လပ်စွာ ပါဝင်ခွင့်၊ လှုပ်ရှားခွင့်တွေ ပေးတာမျိုး စတဲ့ ဒီမိုကရေစီ ဝန်းကျင် နအဖ စစ်အုပ်စုက လုပ်ပေးရမှာ ဖြစ်ပါတယ်။ ဒါတွေကို စစ်အုပ်စုက ပေးပဲ့မလား၊ လွယ်လွယ်နှင့်တော့ လုံးဝ မပေးဘူး။ အဲဒါ သေချာတယ်။

ပြည်တွင်းကရော၊ နိုင်ငံတကာကရော ဒါတွေကို ဆောင်ရွက်ဖို့ နအဖ ကို တိုက်တွန်းကြ၊ မေတ္တာရပ်ခံကြ၊ တောင်းဆိုကြ ဘယ်လောက်လုပ်လုပ် နအဖ ကတော့ မကြားချင်ယောင်ပဲ ဆောင်ပြနေတယ်။ ဒီ အချိုးချိုးလို့ ရ နေသေးသမျှ ဒီအချိုးဘဲ ချိုးနေဦးမှာပဲ။ တဖက်က မကြားချင်ယောင် ဆောင်တယ်၊ တဖက်က စောစောက ကျနော်တင်ပြခဲ့တဲ့ လူထုဖိနှိပ်ရေး ခြေလှမ်းတွေကို တက်တက်ကြွကြွ တလှမ်းပြီးတလှမ်း လှမ်းလာနေတယ်။

ဒါဆိုရင် ကျနော်တို့ဘက်က ဘာတွေလုပ်ကြမလဲ။
ကျနော်တို့ ဘယ်အားကို အခြေခံပြီးတိုက်မှာလဲ။
ခေါင်းမာပြီး ရမ်းချင်တိုင်း ရမ်းနေတဲ့ စစ်အုပ်စုကို ဆောင့်ဆွဲလိုက်ပြီး သူ့ရဲ့လားရာကို ပြောင်းပြန်လှန်ပစ်ဖို့ ကျနော်တို့ လုပ်ကြရမယ့်နည်းဟာ လူထုကို ယုံကြည်ဖို့၊ လူထုအားကို အရယူဖို့၊ လူထုရဲ့နီးကြားမှုနှင့်အတူ လူထု လှုပ်ရှားမှုတွေ လုပ်ဖို့၊ လူထုတိုက်ပွဲတွေ ဖေါ်ထုတ်ကြဖို့ဆိုတဲ့ လူထုလုပ်ဟန် လူထု နည်းလမ်းပဲ ဖြစ်ပါတယ်။
လူထုအားကို အခြေခံတဲ့ တိုက်ပွဲနည်းနာတွေက လွဲလို့ တခြားနည်း မရှိနိုင်ပါဘူး။
"ဘန်ကီမွန်းကိုလည်း အားကိုးမနေပါနှင့်၊ အိုဘားမားကိုလည်း အားကိုးမနေပါနှင့်၊ ကိုယ့်ကိုယ်ကိုယ်ဘဲ အားကိုးပါ" ဆိုတဲ့ ဆရာလူထုဦးစိန်ဝင်းရဲ့ အယူအဆ ကျနော် သဘောတူတယ်။ ကျနော်တို့ ပြည်သူတွေ လွတ်မြောက်ဖို့ ကျနော်တို့ ပြည်သူတွေ ကိုယ်တိုင်ကပဲ ဖန်တီးကြရလိမ့်မယ်။ တိုက်ပွဲဆင် ကြရလိမ့်မယ်။ လူထုနှင့်အတူ ကျနော်တို့ ဘယ်လောက် ချီတက်တတ်သလဲ၊ ချီတက်နိုင်သလဲဆိုတဲ့အချက်ဟာ .... စစ်အုပ်စုရဲ့ဖွဲ့စည်းပုံ အခြေခံဥပဒေကိုရော၊ စစ်အုပ်စုကိုရော ကျနော်တို့ဖယ်ရှားနိုင်၊ မဖယ်ရှားနိုင်ဆိုတာကို ပြဌာန်းသွားလိမ့်မယ်။

## ၃။ ၂၀၁၀ ရွေးကောက်ပွဲနှင့် ပတ်သက်ပြီး ဘယ်လိုအကဲဖြတ်ပါသလဲ။

စစ်အာဏာရှင်စနစ်ကို ဖွဲ့စည်းပုံ အခြေခံဥပဒေအရကိုပဲ ကမ္ဘာတည်သရွေ့သက်ဆိုးရှည်ခွင့် ရရှိနိုင်ရေးအတွက် စစ်အုပ်စုရဲ့အရှက် အကြောက်မရှိ ကြိုးပမ်းချက်လို့ မြင်ပါတယ်။ ၉၀ ရွေးကောက်ပွဲရလဒ်ကို တလျောက်လုံး အသိအမှတ် မပြုခဲ့ရုံသာမက တစ မကျန် ဖျက်သိမ်းပစ်နိုင်ရေး အားထုပ်ချက် ဖြစ်ပါတယ်။ ဒါဟာ ရှစ်လေးလုံး လူထု အရေးတော်ပုံကြီးကို စော်ကားလိုက်တာဖြစ်သလို၊ ရှစ်လေးလုံး အရေးတော်ပုံကြီးရဲ့အောင်သီး အောင်ပွင့်ဖြစ်တဲ့၊ လူမျိုးပေါင်းစုံ မြန်မာပြည်သူတွေရဲ့ ဆန္ဒအစစ်အမှန်လည်းဖြစ်တဲ့ ၉၀ ရွေးကောက်ပွဲရလဒ်ကို နင်းချေပစ်တာလည်း ဖြစ်ပါတယ်။ ဒါကို ကျနော်တို့ လုံးဝ လက်မခံပါဘူး။

ကျနော်တို့ ပါတီအနေနှင့်

(၁) နအဖ စစ်အစိုးရရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ကို လုံးဝ လက်မခံဘူး။
(၂) နအဖ စစ်အစိုးရရဲ့ လူထုဆန္ဒကို အဓမ္မလုယူကြေညာခဲ့တဲ့ ဆန္ဒခံယူပွဲရလဒ်ဆိုတာကိုလည်း လုံးဝ လက်မခံဘူး။
(၃) နအဖ စစ်အစိုးရရဲ့ ၂၀၁၀ ရွေးကောက်ပွဲကိုလည်း လုံးဝ လက်မခံဘူး။
(၄) ၉၀ ရွေးကောက်ပွဲရလဒ်ကို အသိအမှတ်ပြုခြင်း၊ အကောင်အထည်ဖော်ခြင်း တစုံတရာမရှိဘဲ နောက်ထပ် ရွေးကောက်ပွဲအသစ်တခုကို နအဖ စစ်အစိုးရအနေနှင့် လုံးဝ ပြုလုပ်ပိုင်ခွင့် မရှိဘူးလို့ သဘောထား ထုတ်ပြန်ထားပြီး ဖြစ်ပါတယ်။




၄။ ကမ္ဘာ့ စီးပွားရေး ကျဆင်းနေမှုအပေါ် အမြင်နှင့် ဗမာပြည်အပေါ် မည်သို့ သက်ရောက်နိုင်ပါသလဲ။

ကမ္ဘာကြီးဟာ New World Order ကို ရှာဖွေနေကြတာ အခုထိတော့ မတွေ့ကြသေးဘူးလို့ ပြဆိုလိုက်တာပေါ့ဗျာ။ မစ္စတာ ဖူကူယားမားပြောသလို ဘယ်သမိုင်းမှ အသေအချာ နိဂုံးမချုပ်သေးဘူးလို့ ပိုပြီးသိသာ သွားစေတာပေါ့။ ပြီးပြည့်စုံတဲ့၊ ကမ္ဘာ့ပြည်သူတွေ ကြောင့်ကျခြင်း အလျဉ်းမရှိတော့တဲ့ စီးပွားရေးစနစ်၊ နိုင်ငံရေး စနစ်ဆိုတာကို လက်တွေ့တွေထဲကပဲ ဆက်ပြီး ရှာဖွေကြရလိမ့်ဦးမယ်လို့ ပြောရမယ့် သာဓက တခုလို့ ဆိုချင်ပါတယ်။ ဒီနေ့ စီးပွားရေး ကျဆင်းမှုဟာ ၁၉၉၇ခုနှစ်က အာဆီယံက ကျားတွေ နဂါးတွေ ဂွမ်းထိုးမှောက်ခုန် ဖြစ်သွားကြတာတွေထက် အပုံကြီး ပိုဆိုးတယ်။ ပြောရရင် ၁၉၃၀ က ဖြစ်ခဲ့တဲ့ ကမ္ဘာ့ စီးပွားပျက်ကပ်ကြီးလောက်ကိုပဲ ဆိုးသွားတယ်လို့ စီးပွားရေး ပညာရှင်တွေ တွက်ချက်နေကြပါပြီ။

မစ္စတာဘားရက် အိုဘားမားအတွက်ဆိုရင် ဒီစီးပွားရေးအကျပ်ကို ပြန်လည်ဆယ်တင်ရေးဆိုတဲ့ စိန်ခေါ်ချက်ဟာ မသေးလှတဲ့ စိန်ခေါ်ချက်ကြီး ဖြစ်ပါတယ်။ သေချာတာကတော့ Globalization ခေတ်ကြီးအတွင်းမှာ ဆက်စပ်မှုတွေ၊ ရိုက်ခတ်မှုတွေက ၁၉၃၀ကထက် ပိုပြီးပြင်းထန် ပိုပြီး မြန်ဆန်နိုင်ပါတယ်။ ဒါကြောင့်လည်း ကမ္ဘာ့ထိပ် တန်းနိုင်ငံကြီးတွေ၊ နိုင်ငံရေးအရ စီးပွားရေးအရ ရှေ့တန်းရောက်သူတွေ ဒီအပူကို ကိုယ့်အပူသဖွယ် ဝိုင်းဝန်း စဉ်းစား အဖြေရှာပေးနေကြတာဖြစ်ပါတယ်။ 'အိမ်ရှေ့ပူ အိမ်နောက်မချမ်းသာ' ဆိုတဲ့စကား ဒီခေတ်မှာပိုပြီး မှန် လာတယ်လို့ ပြောရမလားပဲ။

သေချာပါတယ်။ ဒီဒဏ်ကို ဒီသက်ရောက်မှုကို တကမ္ဘာလုံး ခံကြရလိမ့်မယ်။ ဗိုလ်သိန်းစိန်တို့၊ ဗိုလ်ကျော်ဆန်းတို့သာ မျက်မမြင် ပုဏ္ဏားခြောက်ယောက် ဇာတ်ခင်းပြီး ထင်ရာ မြင်ရာပြောဆို နေကြတာ။ တကမ္ဘာလုံး ဝယ်လိုအားတွေ ကျသွားမှာ မုချပါပဲ။
အခုကိုပဲ ထိုင်းမှာ စက်ရုံအချို့ပိတ်လိုက်ကြရပြီ၊ ဒီနှစ်ထဲမှာပဲ အလုပ်သမား တစ်သန်းဖြုတ်ပစ်ရလိမ့်မယ်လို့ ဆိုနေကြပြီ။ မလေးမှာ၊ စင်္ကာပူမှာ ၊ ထိုင်းမှာ အလုပ်လုပ်နေကြရတဲ့ ပညာရှင်တပိုင်း မြန်မာအလုပ် သမားတွေ၊ ပညာရှင်တန်းမဟုတ်တဲ့ အလုပ်ကြမ်း အလုပ်သမားတွေ စ ပြန်နေကြရပြီ မဟုတ်လား။

ပြည်တွင်းမှာလည်း လှိုင်သာယာ စက်မှုဇုံက စက်ရုံဘယ်နှစ်ရုံပိတ်လိုက်ရပြီ။ ရွှေပြည်သာစက်မှုဇုံက အထည်ချုပ်စက်ရုံတွေ ဘယ် နှစ်ရုံ ပိတ်လိုက်ရပြီဆိုတဲ့ သတင်းတွေ စထွက်လာနေပြီ၊ ပဲဈေးကွက်ပျက်သွားတာ၊ ပဲဈေးတွေ မထင်မှတ်နိုင်အောင် ပြုတ်ကျသွားတာ၊ စပါးဈေးတွေ စိုက်စရိတ်တောင် မကာမိအောင် ထိုးဆင်း သွားတာ၊ ကျောင်းကားတွေ ဘယ်လိုမှ မပြေးနိုင်တော့လို့ ကျောင်းသားတွေ ခြေလျင်လျှောက်ပြီး ကျောင်းတက်ကြရတာ စ တာတွေ ကျနော်တို့ တောက်လျှောက် ကြားနေကြရပြီ။
၁၉၃၀ ကမ္ဘာ့ စီးပွားပျက်ကပ်ဖြစ်တော့ ကျနော်တို့ ဗမာပြည်မှာ စပါးဈေး ထိုးကျသွားတယ်၊ ဒါကို အုပ်စိုးသူနယ်ချဲ့သမားက ဖြေရှင်း မပေးနိုင်ဘူး၊ ဘုရင်ခံချုပ်ဖြစ်တဲ့ ဆာဂျေအေမောင်ကြီးက ဘာတာဝန်မှ မယူပေးနိုင်တော့ အကျိုးဆက်က ဆရာစံ ဦးဆောင်တဲ့ လယ်သမား သူပုန်ထမှုကြီး ပေါ်ပေါက်ခဲ့တယ်။ အခုလည်း စစ်အာဏာရှင်စနစ်ရဲ့ဆွေတော်မျိုးတော် စီးပွားရေးစနစ်ရဲ့အောက်မှာ ပြည်သူတွေက ဆင်းရဲတာ ကမ်းကုန်နေပြီ။
ဒီကြားထဲ နာဂစ်က ထပ်ဖိ၊ အခု ကမ္ဘာ့စီးပွားရေး ကျဆင်းမှုကြီးရဲ့အဖျား အနားလောက် ထပ်ရိုက်ခံရတယ် ဆိုရင်တောင် လူထုဟာ အူနှင့် ပောင်းလောင်း ဖြစ်ကြတော့မယ်။ အဲဒီရဲ့ အကျိုးဆက်အဖြစ် စီးပွားရေး အမွန်း အကြပ်ကို အခြေခံတဲ့ လူထုပေါက်ကွဲမှုတွေ၊ လူထုအုံကြွမှုတွေ ဆက်တိုက် ပေါ်ထွက်လာနိုင်တယ်။ ဆာဂျေအေ မောင်ကြီးပဲ ဖြစ်ဖြစ်၊ ဗိုလ်သန်းရွှေပဲ ဖြစ်ဖြစ် တကယ် တောင်ပြိုလာပြီဆိုရင် ကာနိုင်လောက်တဲ့ လက်ဝါး မရှိပါဘူး။

၅။ လတ်တလောဖြစ်နေတဲ့ အစ္စရေးပါလက်စတိုင်း အရေးကိစ္စနှင့် ပတ်သက်ပြီး ဘယ်လိုမြင်ပါသလဲ။

တော်တော်ကို နားမချမ်းသာစရာ၊ စိတ်မကောင်းစရာ အဖြစ်အပျက်ကြီးပါပဲဗျာ။
ဒီ(၂၂)ရက်ဟာ ဂါဇာကမ်းမြှောင်တခုလုံး ကမ္ဘာပျက်သွားတဲ့ (၂၂) ရက်ပါပဲ။ စစ်ပွဲရပ်သွားလို့ စာရင်းတွက် ကြည့်တော့ ပါလက်စတိုင်းလူမျိုး ၁၄၀၀ သေဆုံးသွားပြီး ၅၅၀၀က ဒဏ်ရာတွေ ရရှိခဲ့တယ်။ အများစုက ဘာ အပြစ်မှ မရှိကြတဲ့၊ ဘာရန်ငြိုး ရန်စမှ မရှိကြတဲ့ အရပ်သူ အရပ်သားတွေ၊ အမျိုးသမီးတွေနှင့် ကလေးတွေ ဖြစ်ကြပါတယ်။ အိမ်အလုံးပေါင်း ၄၀၀၀ ကျော် တစမကျန် ပျက်စီးသွား ပြီး အိမ်အလုံးပေါင်း ၂၀၀၀၀ ကျော်က နေ လို့မရအောင် ပြိုကျပျက်စီးသွားပါသတဲ့။

ဘယ်လို လုပ်ကြတော့မလဲ။
လေယာဉ်တွေ မနားတမ်း ပစ်ခတ်တိုက်ခိုက်နေတဲ့ အချိန်မျိုးမှာ မိုးကိုမော့ကြည့်ပြီး ဘုရားတနေရမယ့် အပြစ်မဲ့ ပြည်သူတွေရဲ့ ဒုက္ခကို တွေးကြည့်မိရင် လူသားချင်း စာနာတယ်ဆိုတဲ့ အမြင်တခုတည်းနှင့်တင် အသက်ရှူလို့ မ ကောင်းတော့ဘူး။

ကိုယ့်ခန္ဓာပေါ်က ဒဏ်ရာတွေကို ဆေးကုလို့ ပျောက်ချင်ပျောက်မယ်၊ ရင်ထဲက ဒဏ်ရာကို ဘယ်လိုကုကြမှာလဲ။
ပြိုပျက် ယိုယွင်းသွားတဲ့ အုတ်ကျိုး အုတ်ပဲ့တွေကို ရှင်းလင်းသွားအောင် ရှင်းထုတ်လို့ ရချင်ရမယ်၊ နှလုံးသားထဲထိ စူးဝင်ရှုပ်ထွေး သွားစေတဲ့ အနာကို ဘယ်လို ရှင်းထုတ်တော့မှာလဲ။

"ခင်ဗျားနိုင်ငံထဲကို ရော့ကက်အလုံး (၂၀၀) လောက်ဆက်တိုက် အပစ်ခံရပြီဆိုရင် ခင်ဗျား ဘယ်လိုဖြေရှင်း မလဲ"လို့ မေးရင်တော့ အဖြေရ ခက်ခဲတယ်ဆိုတာ ကျနော် ဝန်ခံပါတယ်။ ဒါပေမယ့် အစ္စရေး အခုလို ဖြေရှင်းတာကျတော့ ကျနော်အမြင် မသင့်လျော်ဘူးလို့ပဲ ပြောချင်တယ်။ လက်နက်နှင့် ဖြေရှင်း

ရုံနှင့်၊ ဗုံးကျဲပြီး ဖြေရှင်းရုံနှင့် ပြဿနာဆိုတာ ပြေလည်မသွားနိုင်ပါဘူး။ တနာပေါ် နောက်တနာဆင့်ပြီး ကမ္ဘာမကျေတွေ ဖြစ်သွားရုံကလွဲလို့ အဖြေကောင်း ထွက်မလာနိုင်ဘူး၊ အကျိုးမများနိုင်ဘူးလို့ပဲ ပြောချင်တယ်။

အကောင်းဆုံး ဖြေရှင်းနည်းကတော့ ......
အပြန်အလှန် အသိအမှတ်ပြု၊ အပြန်အလှန် တန်ဖိုးထားပြီး အပြန်အလှန် နားလည်မှုရှိရှိ လွတ်လွတ်လပ်လပ် ဆွေးနွေးပြီး အဖြေရှာတဲ့ နည်းပဲ။ လွတ်လပ် ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ရေးကို နှစ်ဖက်လုံးက အာရုံမထား နိုင်မချင်းတော့ စစ်ပွဲတွေကို ရပ်ပစ်နိုင်မှာ မဟုတ်ဘူး။ ဆရာကြီး သခင်ကိုယ်တော်မှိုင်းရဲ့လမ်းစဉ်ဖြစ်တဲ့ သူမနာ ကိုယ်မနာဖြေရှင်းနည်းက လက်နက်နှင့် အတင်းဝင်တိုက်ပြီး ဖြေရှင်းလိုက်တာထက် အချိန်ပိုပြီး ကြာကောင်း ကြာနိုင်ပေမဲ့ ရလာမယ့်ငြိမ်းချမ်းရေးက ခိုင်မြဲနိုင်ပါတယ်။

၂၀၀၉ခုနှစ် ဇန်နဝါရီလ (၂၈)ရက်။